# အကျဉ်းစခန်း ၁၄ မှ
# လွတ်မြောက်ခြင်း သူရိန်ဝင်း

# ESCAPE FROM CAMP 14
## Blaine Harden

လွန်ခဲ့သော ၂၆ နှစ်က အကျဉ်းစခန်းအမှတ် ၁၄ အတွင်း၌ "ရှင်း" ကို မွေးဖွားခဲ့သည်။ အကျဉ်းစခန်းအမှတ် ၁၄ သည် မြောက်ကိုရီးယား၏ တောင်တန်းများအပေါ်တွင် ပျံ့နှံ့တည်ရှိနေသည့် နိုင်ငံရေးအကျဉ်းစခန်း ၅ ခုထဲက တစ်ခုဖြစ်သည်။ ပြုံယမ်းမြို့၏ မြောက်ဘက် ၅၅ မိုင်ခန့်အကွာ တွင်ရှိပြီး ထိန်းချုပ်မှုအပြည့်အဝရှိသည့် စခန်းနယ်မြေဖြစ်၏။ လွတ်မြောက်ရေးထွက်ပေါက်မရှိသည့် အကျဉ်းထောင်။ ထိုစခန်း၏ တစ်ခုတည်းသော စိုင်းချက်မှာ ထောင်အကျတစ်သက်သာဖြစ်သည်။ အကျဉ်းသားများသည် တစ်နေ့လျှင် ၁၂ နာရီမှ ၁၅ နာရီအထိ အလုပ်လုပ်ကြရသည်။ ကျောက်မီး သွေးမိုင်းတွင်းတူးခြင်း၊ ရေကာတာများတည်ဆောက်ခြင်း၊ စစ်ယူနီဖောင်းများ ချုပ်လုပ်ခြင်းတို့ကို လုပ်ကိုင်ရသည်။ သုတ်သင်ကွပ်မျက်ခံ ရသည့်အချိန်၊ အလုပ်ခွင်အတွင်း ထိခိုက်သေဆုံးရသည့်အချိန် (သို့) ငတ်မွတ်မှုကြောင့် နာမကျန်းဖြစ်၍ သေဆုံးချိန်ရောက်မှသာလျှင် ချုပ် ငြိမ်းလွတ်မြောက်ရသည်။ အကျဉ်းစခန်း ၁၄ သို့မဟုတ် မြောက်ကိုရီးယား၏ အခြားမည်သည့်နိုင်ငံရေးအကျဉ်းစခန်းထဲတွင်မဆို မွေးဖွားပြီး လွတ်မြောက်ခဲ့သူဟူ၍ မရှိ။ "ရှင်း" မှတစ်ပါး အခြားမည်သူမျှ မလွတ်မြောက်နိုင်ခဲ့။ ဤသည်မှာ သူ၏ ဇာတ်လမ်းပင်ဖြစ်သည်။

စိတ်နှလုံးထိခိုက်လောင်မြိုက်ရသည့် နေရာတစ်ခုအကြောင်း၊ ရင်တုန်စိတ်လှုပ်ရှားဖွယ် ထိတ်လန့်တုန်လှုပ်ဖွယ် ကိုယ်တွေ့အဖြစ်သနစ် "အကျဉ်းစခန်း ၁၄ မှလွတ်မြောက်ခြင်း" သည် "ရှင်း" မှတစ်ဆင့် လျှို့ဝှက်မှောင်မိုက်သော တိုင်းပြည်အတွင်းသို့ သော့ဖွင့်ဝင် ရောက်ခွင့်ပေးပြီး စာဖတ်သူကို မည်သည့်အခါကမျှ သွားခွင့်မပေးခဲ့သည့် နေရာတစ်ခုဆီသို့ ခေါ်ဆောင်သွားပါလိမ့်မည်။